

# နှလုံးသားမြို့ဟောင်းတူးပေါ်ချက် နောက်ဆုံးအစီရင်ခံစာ

## ငြိမ်းကျော်

## ထုတ်ဝေသူ၏ အမှာ
**(ပထမအကြိမ် ပုံနှိပ်ခြင်းမှ )**

ဆိပ်ဖလူးနံ့သင်းသော အင်းစိန်တိုင်းပြည်တွင် နှစ်အတန်ကြာ နေခဲ့ရစဉ်က စာစကား ပေစကားကို အချိန်ရှိသရွေ့ ပြောခဲ့ကြသည် ။ အနောက်တောင်ဆီမှ တိုက်ခတ်လာသော မိုးငွေ့များကို ရှူရှိုက်ရင်း လစဉ်ထွက်မဂ္ဂဇင်းများကို အငမ်းမရ ဖတ်ခဲ့ကြသည် ။ နံရံလေးဖက် အကာအဆီးထဲတွင် စာပေဝေဖန်ရေးသည် ရှင်သန်လျက်။

၁၉၆၀ ၏ ဆယ်စုနှစ်ထဲတွင် ပေါ်ပေါက်လာသော စာပေမျက်နှာသစ်များကို ကျွန်တော်တို့ အာရုံ စိုက်ခဲ့ကြသည် ။

နေ့များ စွာ ကုန်ခဲလှ၏။ အချိန်တွေ များ စွာ ပိုနေသည် ။ ထိုအချိန်တွေအတွင်း မဂ္ဂဇင်းထွက်သော နေ့သည် အပျော်ဆုံးနေ့။ ထိုနေ့ပေါင်းများ စွာမှာ တစ်သက်တာတွင် မေ့ပစ်ရက်စရာမရှိနိုင်သော နေ့များ ပင်ဖြစ်လေသည် ။ ထိုနေ့များ အတွင်း မျက်နှာသစ် စာရေးဆရာ ငြိမ်းကျော်ကို ကျွန်တော် စွဲလမ်းခဲ့သည် ။

မှတ်မှတ်ရရမှာ ကိုဘောဂနှင့် သုသာန်၌ သနပ်ခါးလူးခြင်း။ ကိုဘောဂဝတ္ထုတိုတွင် စာတွေ့ ဘောဂဗေဒသမားကို ပြက်ရယ်ပြုထားသည် ။ လက်တွေ့ခံစားနေရသော အကျပ်အတည်းများကို ဖြေရှင်းနိုင်ခြင်းမပြုဘဲ စာအုပ်ထူကြီးတွေဖတ်ပြီး ဘောဂဗေဒ စကားလုံးတွေ၊ ဝေါဟာရတွေသာ ရွတ်ဖတ် သရဇ္ဈာတတ်ပုံကို မြင်ရသည် ။

သုသာန်၌ သနပ်ခါးလူးခြင်းတွင် ကောင်းစားလျက်ရှိသော လူတန်းစားထဲမှ အမျိုးသမီးကို လှောင်လေသည် ။ သုသာန်အနံ့ဆိုးကို နှာခေါင်းပိတ်၍ ကာကွယ်လိုပါလျက် စိတ်လည်တုန်ကို လူမမြင် မည်စိုး၍ လက်ကိုင်ပဝါ မထုတ်ဘဲနေပုံကို မြင်ရသည် ။ တိုက်တာတွေ၊ သိန်းကျော်တန်ကားတွေကြားမှ အပြိုင်အဆိုင် ပကာသနတွေကို မြင်လိုက်မိသည် ။ ထိုဝတ္ထုတိုနှစ်ပုဒ်မှ အစ နောက်ပိုင်း သူ့ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို ဖတ်ခဲ့သည် ။ ဆွတ်ပျံ့စရာ အချစ်ဝတ္ထုတိုများ အနက် **စိမ်းရက် လွန်မြောက်ပြီးမှ တစ်ဖန်၊ ဇာတာတော်ပုံရာဇဝင်** တို့ ကို မှတ်မိနေသည် ။ **နေရစ်ခဲ့တော့ သူငယ်ချင်း** လို ဝတ္ထုကို ဖတ်ရသောအခါ သူ့ကို အံ့ဩရသည် ။ ထို့ပြင် ရှုမဝ ဝတ္ထုရှည်များ ထဲတွင် **ပဥ္စမမြောက် ဆောင်းရက်များ** ကို အစွဲမက်ဆုံး။

သူသည် လှပ၍ ဆွတ်ပျံ့ဖွယ် ရသစာပေနှင့် သုတေသနနှစ်ခုအကြားတွင် ထုံ့ပိုင်းထုံ့ပိုင်း ကူးလူး လျက်ရှိလေသည် ။ ပိဋကတ်တော်နှင့် အချစ်ဝတ္ထု၊ ရှေးဟောင်း မြန်မာနိုင်ငံသမိုင်းနှင့် နှလုံးသား။ သူ့ကို ဝတ္ထုတွေ အစဉ်တစိုက် ရေးစေချင်သည် ။

တက္ကသိုလ်၏ သုံးရာသီစလုံးသည် နှစ်လိုဖွယ်ရာချည်း။

အံ့ဩဖွယ်ကောင်းသည် မှာ ထိုစဉ်က တက္ကသိုလ်တွင် ကံ့ကော်တွေ ပွင့်လွန်းသည် ။ ထိုနေရာတွင် သူနှင့် စကားပြောခဲ့ကြသည် ။ သူ့ကို‘လုံးချင်းဝတ္ထုရှည်ရေးပါလား’ဟု ကျွန်တော်က အမှတ်မဲ့ ပြောလိုက် သည် ။ သူက‘အင်း’ဟု ဆို၏။ ဒီဇင်ဘာ ၁၉၇၄ တုန်းက‘ဝတ္ထုပြီးပြီလား’ဟု ကျွန်တော် မေးလိုက် သည် ။ ‘ပြီးခါနီးပြီ’ဟု သူကဖြေ၏။

**စိုးနိုင်**

[ ၁ ]

မစိုးရိမ်သင့်သည် ကို စိုးရိမ်နေမိသလားတော့ မဆိုနိုင်။ သို့မဟုတ် အကြောင့်ကြကြီးသောညဉ်ကို စိတ်အနေခက်စေသည် လား မသိ။ ထို ညဉ်ကြောင့် လက်ထပ်စကား ပြောဖြစ်ခဲ့သည် ထင်၏။ ပြောပင်ပြော ခဲ့ ရသော်လည်း ရင်မကျနိုင်ခဲ့။ သည် စကားကဲ့သို့ အရေးအကြီးဆုံးစကား ၊ ဘဝနှင့် ပတ်သက်သောစကား ကို ခိုင်သည် အဘယ်ကြောင့် နှုတ်ဆိတ်နေရသနည်း။ ရုတ်ခြည်းတုံ့ပြန်စကား ဆိုသင့်ပါလျက် ခိုင်သည် အဘယ်အတွေးနှင့် ငြိမ်သက်၍ နေရပါသနည်း။ စင်စစ် ခိုင်ဝမ်းသာသင့်သည် ။ လှိုက်လှဲအားရစကားမျိုး ဆိုသင့်သည် ။ ထိုစကားမျိုးသည် မိန်းမသားတစ်ဦးအဖို့ စိတ်နှလုံးအေးချမ်းစေရာ စကား၊ စိတ်ချကြည်နူး စရာစကား။ သာမန်အနေအထားထက် လွန်မြောက်မိခဲ့ကြပြီးဖြစ်သော ဘဝတွင် ထိုစကားမျိုးသည် ခိုင့် အတွက် ရင်အေးဖွယ်အတိပြီးသော စကားလက်ဆောင် ဖြစ်လိမ့်မည် ထင်ခဲ့သည် ။

ယခုသော် တွေးထင်သမျှ အားလုံးနှင့် ဆန့်ကျင်ဘက်။

ခိုင်သည် ပြုံးပြဖော်မျှပင် မရ။ စိမ်းနေသော မျက်ခုံးနှစ်စသည် မသိမသာတွန့်၍ နေ၏။ ဖြူဝင်း သော မျက်နှာသည် နီယောင်ယောင်ရှိနေသည် ။ နှုတ်ခမ်းအစုံသည် ပင်လျှင် နေမြဲအတိုင်း လှလှပပမရှိ။ စုတုတုဖြစ်နေသည် ။ ခိုင့်အနေအထားသည် တွေးစရာများ စွာကို လမ်းဖွင့်ပေးနေပုံနှင့် တူ၏။ ငြိမ်သက် ခြင်းက ငြိမ်သက်နေပုံကိုပင် နားလည်ရခက်

လာသည် ။ နှုတ်အတုံ့အလာကို စောင့်လွန်းမက စောင့်ရ တော့ ခိုင့်ကို စိတ်တိုချင်သည် ။

မေးလိုက်တော့မည် စိတ်ကူးစဉ်မှာ ပင် ခိုင် စကားစလေသည် ။

"ဘာသဘောနဲ့ များ ဒီစကားကို မောင် ပြောလာတာလဲဟင်"

စားပွဲခင်းမှန်ချပ်တွင် ထင်နေသော ရောင်ပြန်တွေကို ငေးစိုက်၍ ကြည့်နေမိသည် ။ ထိုအမေးသည် နားထဲတွင် လေစိမ်းသဖွယ် အေးတိအေးစက်နှင့် ဝေ့၍ နေ၏။ ခိုင့်စိတ်ကို နောက်တော့မှ စဉ်းစားကြည့်ရ ပေဦးမည်။

"ဘာသဘောဖြစ်ရမှာ လဲ ခိုင်ရဲ့ ၊ အတူနေချင်လို့ ပေ့ါ"

ခိုင့်ကို လှမ်းကြည့်ရင်း ပြောလိုက်သည် ။

"ခုကော မောင်နဲ့ ကျွန်မနဲ့ အတူမနေရလို့ လား"

ခိုင်က ပြုံး၍ မေးသည် ။

"ခုအတူနေရတယ်ဆိုတာက မပိုင် ဝက်မွေးရတာမျိုးကြီး၊ တရားဝင်မှ မဟုတ်တာ ခိုင်ရယ်၊ မောင် စိတ်မသန့်ဘူးလို့ ပြောဖူးသားပဲ"

ခိုင်သည် ခေါင်းကို အသာမော့ကာ ခပ်တိုးတိုးရယ်လိုက်သည် ။ ထို့နောက် နှုတ်ခမ်းကို ပြုံးစိစိလုပ် ထားသည် ။ ခိုင့်ရယ်သံသည် ရင်ထဲတွင် သိသိသာသာရှ၍ လာစေသည် ။ ကရုဏာမကင်းလေဟန် ရယ်ပုံ မျိုးဟု ထင်ရသည် ။ ကလေးသူငယ်တစ်ယောက်၏ မကိုးမကားလုပ်ပုံပြောပုံကို ကြည့်၍ ရယ်ပစ်လိုက် သော လူကြီး၏ အသံမျိုး၊ တစ်ဝက်တစ်ပျက်လောက်အထိကား စိတ်အနှောင့်အယှက် တွေ့စေနိုင်လောက် သော ရယ်သံမျိုး၊ ရယ်ရင်းနှင့် ကြည့်လိုက်သော မျက်လုံးသည် ပင် ငုံ့ကြည့်မျက်လုံးမျိုး။

"မောင်က တကယ့်ကလေးလေးလိုပဲ"

ကြားနေကျစကား။ သံယောဇဉ်တွယ်မိသည့် အချိန်မှ စ၍ ခိုင်ပြော လေ့ပြောထရှိသော အသုံး အနှုန်း။ ကြည်သောအချစ်ဖြင့် ချစ်ခဲ့ကြသ ည့် နှစ်နှစ်တာအတွင်း ကြိမ်ဖန်များ စွာ ကြားဖူးခဲ့ပြီ။ ထိုစကားကို ဆို သောအခါတွင် ခိုင်သည် သူ့ထက်ငါးနှစ်ကျော် ငယ်နေပါလျက်နှင့် အသ က်များ စွာ ကွာလှ သော အစ်မကြီးသဖွယ် မျက်နှာထားပြင်၍ ထားတ တ်စမြဲ။

"ဘာဖြစ်လဲ ခိုင်ရဲ့ ၊ ကလေးဆို သာတောင်ကောင်းသေးတာပေ့ါ။ ကလေးတွေက ရိုးတယ်၊ စားချင်ရင် စားချင်တယ်၊ အိပ်ချင်ရင် အိပ်ချင် တယ်။ လူကြီးတွေကတော့ စားချင်ရက်နဲ့ ရင်ပြည့်တယ်၊ အိပ်ချင်ရက်နဲ့ မျက်လုံးကြောင်နေတယ် ဘာညာနဲ့ ဟန်ဆောင်တယ်။ မောင်က က လေးလိုပဲ၊ ဒါကြောင့် လက်ထပ်ကြရအောင်လို့ ပြောတာပဲပေ့ါ"

သူ့စကားတစ်ဝက်လောက်တွင် ခိုင်သည် နှုတ်ခမ်းစေ့ကာ ကြည့်နေ သည် ။ ပြီးတော့ တစ်ခွန်းပြော သည် ။ ခိုင့်ကိုကြည့်နေသော သူ့မျက်လုံး သည် ဝို1င်းသွားသည် ။ မျက်ခုံးတစ်ချက် တွန့်မိလိုက်သည် ။ ရင်ထဲ တွ င် ဆတ်ခနဲ တစ်ချက်ခါသွားချေသည် ။ စိတ်ကြည်လင်မှုသည် ပြုံလုပြုံ ဆဲ ဖြစ်သွားလေသည် ။ အံ့သြရ လွန်း၍ ခိုင့်မျက်နှာကိုသာ ငေးစိုက်စို က်ကြီး ကြည့်နေမိလေ၏။ နားကြားလွဲသွားသလားဟု တွေးမိ သည် ။

"ဘာလို့ လက်ထပ်ချင်ရတာလဲ ဟုတ်လား"

ခေါင်းညိတ်ပြသည် ။ သူ့ကို အကဲခတ်မျက်လုံးနှင့် တစ်ချက်သာကြ ည့်ပြီး ပြတင်းပေါက်ဆီသို့ မျက်နှာလွှဲသွားသည် ။ အံ့အားသင့်ရလွန်း၍ ဖြစ်မည်။ ပြောမည်ကြံထားသော စကားလုံးတွေက ရင်ဝတွင် ထစ်သွား သည် ။ နင့်တင့်တင့်နှင့် ဆို့နေသည် ။ သက်ပြင်းချလိုက်သောအခါ စ

ကားလုံးတွေ ပျောက်ကုန် လေသည် ။ အစီအစဉ်တွေ၊ နေရေးထိုင်ရေး ပြင်ဆင်မှုတွေကို အားပါးတရပြောရန် ကြံရွယ်ထားသမျှ သည် မီးခိုးတွေလို လွင့်ပါးသွားသည် ။ ကြားရသောစကားကို ခိုင်ပြောတာမှ ဟုတ်ပါလေစ ဟု လည်း တွေးမိသည် ။ ကသိကအောက် ဖြစ်စပြုလာသော စိတ်ကို ပြေစေနိုင်မည့်စိတ်ကူးဖြင့် ဖြေရသည် ။ ခိုင်သည် ခပ်တည်တည်နှင့် ကျီစယ်နေခြင်းဖြစ်ပေလိမ့်မည်ဟု ။

"နောက်တဲ့ ပြောင်တဲ့ စကားတွေကို ပြီးမှ ပြော၊ ခုလောလောဆယ် ခိုင်ဘယ်လို စီမံချင်တယ်ဆိုတာ တွေ အရင်ပြော၊ မောင်နဲ့ တိုင်ပင်"

လှည့်မကြည့်။ ရယ်သံတိုးတိုး ထွက်လာသည် ။

"ဩော် ... မောင်ရယ်၊ သင့်အနာဂတ်အတွက် ဆရာနဲ့ တိုင်ပင်ပါဆိုတဲ့ ဗေဒင်လက္ခာကြော်ငြာ ကျနေတာပါပဲလား"

ပေါ့ပေါ့တန်တန် သဘောထားလွန်းသည် ဟု တွေးမိသည် ။

"ခိုင် စကားကောင်းကောင်း ပြောစမ်းပါ၊ ဒါဘဝကိစ္စ၊ သိပ်လေးနက်တဲ့ ကိစ္စ၊ ခိုင် အဲသလို မလုပ် သင့်ဘူးထင်တယ်"

ခိုင်သည် စေ့စေ့ကြည့်ရင်း ရယ်နေမြဲ ရယ်နေလျက်။

"ကဲ ... ပြောလေ၊ ခိုင် ဘယ်လို လုပ်ချင်သလဲ"

မဖြေသေး။ ပြုံးစစနှင့် ကြည့်နေသည် ။ ပြက်လုံးတစ်ခုကို သဘောကျနေသည့် အကြည့်မျိုးဟု ထင်လာရ၏။

"မောင့်ကို ကျွန်မ နားမလည်တော့ဘူး"

"ဘာဖြစ်လို့ "

မျက်ခုံးကို မဆိုစလောက် ပင့်လိုက်ပြီးမှ -

"မောင်ပဲ ကျွန်မကို ပြောဖူးတယ်၊ ကျွန်မဟာ ပေါ့ရှပ်ရှပ်ဆို"

သူ ရှင်းရလေ၏။

"ကတောက်ကဆတ်ဖြစ်တုန်း ပြောတဲ့ စကားတွေကို ခိုင်က အမှတ်ထားတယ် ဆိုပါတော့"

ခေါင်းခါပြလေသည် ။

"မမှတ်မိပါဘူး၊ မောင်က ခိုင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို အကဲဖြတ်ချက်ပေးခဲ့တာတွေကို ပြန်ပြီး ပြောတာပါ၊ မောင်ပြောခဲ့တာတွေပဲ မဟုတ်လား၊ ကျွန်မဟာ ဘာကိုမှ မလေးနက်တဲ့ မိန်းမဆို၊ ယတိပြတ်မလုပ်တတ်တဲ့ မိန်းမဆို၊ ပြီးတော့ ..."

"တော်ပါတော့ ခိုင်ရယ်၊ စကားနာထိုးဖို့ အချိန် မဟုတ်ပါဘူး"

"စကားနာ မဟုတ်ပါဘူး မောင်ရယ်၊ မောင်ပြောဖူးတယ်လေ၊ ကျွန်မကို ချစ်ရတာ ရေလို မအေးဘူးဆို၊ မီးလို ချစ်ရတာမျိုးဆို၊ စိတ်ဆင်းရဲရတယ်ဆို"

သူ့မျက်နှာ မရွှင်ပျတော့။ သက်ပြင်းတစ်ချက် ချလိုက်မိသည် ။

"ခိုင်ရယ် ဆက်မပြောစမ်းပါနဲ့ ၊ စကားများ တဲ့ အခါ ပြောမိတာကိုပဲ ပြန်ကောက်နေတာကိုး"

ခိုင်မဲ့ပြုံးကို လှစ်ခနဲ မြင်လိုက်ရသည် ။

"မောင်က အဲသလို ပြောခဲ့ ဆိုခဲ့တဲ့ မိန်းမတစ်ယောက်ကို၊ မောင့်ကို မီးလိုပူစေတဲ့ မိန်းမတစ် ယောက်ကို၊ မောင့်ကို စိတ်မချမ်းသာစေခဲ့တဲ့ မိန်းမယောက်ကို ဘာလို့ များ လက်ထပ်ချင်ရတာလဲကွယ်"

စကားလုံး မြားဦးသည် နှလုံးကို ထွင်းထွက်သွားသည့် အစအဦးပေ

တကား။

***

နေမဝင်မီ အိမ်သို့ ပြန်ရောက်သည် ။

ထိုင်းမှိုင်းနေသောကြောင့် ထင်၏။ စိတ်လက်ပေါ့ပါးခြင်း မရှိလှ။ ပြတင်းပေါက်တွေ၊ တံခါးတွေ အားလုံးကို လိုက်ဖွင့်လိုက်သည် ။ လေသည် တစ်စက်တစ်မျှင်မျှပင် ဝင်ရောက်မလာ။ အိုက်လှောင် လှောင်နှင့် ငြီးစီစီကြီး ဖြစ်နေသည် ။ တိုက်ပုံအင်္ကျီကိုသာ ကမန်းကတန်း ချွတ်ပစ်လိုက်ပြီး ပက်လက်ကု လားထိုင်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည် ။ အသက်ရှူရသည် ကပင် မဝတဝ။ ခေါင်းထဲမှာ တွေနေသည် ။ အတွေးတွေက ထွေးလုံးရစ်ပတ်။ စီကာစဉ်ကာ မစဉ်းစားတတ်။

ခိုင်ဆိုသော မိန်းကလေးတစ်ယောက်သည် သူ့ဦးနှောက်ကို တတိတိ စားနေသောပိုး။ မီးလျှံတွေကို အစွယ်တပ်၍ ဦးနှောက်ထဲတွင် မွှေနှောက်သွားလာလျက်ရှိသော မိန်းကလေး။ ခိုင့်ကို နားလည်အောင် ကြိုးစားရင်းနှင့် နားမလည်နိုင်အောင် ဖြစ်လာသည် ။ တွေ့စက ခိုင်သည် တွယ်တာမှုကိုပြုစေနိုင်ခဲ့သည့် ခိုင်။ ချစ်စက ခိုင်သည် ချမ်းမြေ့မှုအလုံးစုံကို သူ့ထံသို့ဆောင်ယူခဲ့သည့် ခိုင်။ တွေ့စက ခိုင်သည် ကွယ်ဝှက် ခြင်းကင်းသည့် ခိုင်။ ချစ်စက ခိုင်သည် နှလုံးအိမ်တွင် ကြည်နူးမှုအလုံးစုံကို ဖြည့်ဆည်းပေးခဲ့သည့် ခိုင်။ ခိုင့်အပြုံးတို့ သည် လည်းကောင်း၊ စကားတို့ သည် လည်းကောင်း၊ စိတ်အထာတို့ သည် လည်းကောင်း တစ်သမတ်တည်းရှိ နေလိမ့်မည်ဟု ဧကန်ယူဆခဲ့သည် ။ ကာလများ စွာကို ဖြတ်ကျော်သွားရမည့်တိုင် ခိုင့်သဘောသကာယတို့ သည် ဆံခြည်မရွေ့ ရှိလိမ့်မည်ဟု ယုံခဲ့သည် ။ တွေ့စက အမူအရာ၊ စိတ်နေစိတ် ထား အားလုံးသည်

အလွဲအပြောင်းရှိလိမ့်မည်ဟု တစ်ရံတစ်ဆစ်မျှပင် မထင်ခဲ့။ ယခုမြင်နေရသော ခိုင့်အသွင်၊ ခိုင့်အဆိုတို့ သည် ခိုင်ဆိုသော ထိုမိန်းကလေး၏ ကိုယ်ကာယ နှလုံးသည်းပွတ်တို့ တွင် ရှိပင် ရှိလိမ့်မည်ဟု မထင်စဖူး။

ယခုသော် လူဆိုသည် မှာ ပြောင်းလဲတတ်သော သတ္တဝါတစ်မျိုးပေတကား။

***

မခံမရပ်နိုင်အောင် ဖိစီးလွန်းလာသော ဒေါသက ထွက်ပေါက်ရှာလေသည် ။ စားပွဲပေါ်ရှိ ကြွေဆေး လိပ်ပြာခံခွက်ကို လှမ်းယူလိုက်သည် ။ ခပ်မှောင်မှောင် မြင်နေရသော ခေါင်းရင်းဘက်ရှိ စာအုပ်စင်ဆီသို့ အားကုန်ပစ်ပေါက်လိုက်သည် ။ ကြွေခွက်နှင့် သစ်သားစောင်းတို့ ထိသံသည် ဒိုင်းခနဲမြည်ကာ သမံတ လင်းနှင့် ကြွေစတို့ ပွတ်တိုက်သံက တစ်ဆက်တည်း ပေါ်လာသည် ။

"အိုး ... ကိုယ့်လူ ဘာလို ဖြစ်တာလဲ"

လှည့်မကြည့်မိခင်မှာ ပင် သိလိုက်သည် ။ ကျော်ကျော့်အသံ။ ကျော်ကျော်ထိုင်ဖို့ ပက်လက်ကုလား ထိုင်တစ်လုံးကို လှမ်းဆွဲကာ နေရာလုပ်လိုက်သည် ။ ကျော်ကျော်သည် အိမ်ပေါ်သို့ တက်လာရင်း -

"မီးလည်း မထွန်းဘူး၊ ပြောစမ်းပါဦး"

အနားရောက်တော့ မီးခလုတ်ကို ဖွင့်သည် ။ မီးချောင်းသည် ဖျတ်ခနဲလင်းလာ၏။ ကျော်ကျော့်ကို မော့ကြည့်လိုက်သည် ။ အကဲခတ်မိပြီးဖြစ်သော အကြည့်နှင့် သူ့ကိုကြည့်ရင်း ကုလားထိုင်တွင် ထိုင်သည် ။

"မပြေမလည်ဖြစ်လာပြန်ပြီပေါ့၊ ဟုတ်လား ဝင်းလှိုင်"

နှုတ်က ပြန်မဖြေ။ ခေါင်းကိုသာ ခပ်စိုက်စိုက် ညိတ်ပြလိုက်သည် ။ ကျော်ကျော် အခိပ္ပာယ်တစ်မျိုး ဖြင့် ပြုံးသည် ။ သူက နှုတ်ခမ်းကိုစေ့ ထားပြီး အိတ်ထဲသို့နှိုက်သည် ။ စီးကရက်ဘူးနှင့် မီးခြစ်ကို ထုတ်ယူပြီး ကျော်ကျော့်ထံသို့ ကမ်းလိုက်သည် ။ ကျော်ကျော်သည် သူ့မျက်နှာကို ေးတေးတေးနှင့် လှမ်းကြည့်ပြီး ယူလိုက်သည် ။ ဘူးကိုဖွင့်ပြီး သူ့ကိုတ စ်လိပ်ပေးသည် ။ မီးညှိပေးပြီးတော့မှ ကျော်ကျော်က သူ့အတွက် တစ် လိပ်ထုတ်ကာ ဘူးကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည် ။ မီးခြစ်ကို လက် မနှင့် လက်ညှိုးကြားတွင် ညှပ်ထားသည် ။ မျက်မှောင်တစ်ချက် ကြုတ် လိုက်သည် ။ တစ်စုံတစ်ရာမေးမည်ပြုပြီး မှ ဆိုင်းလိုက်သည် ။ စီးကရ က်ကို မီးညှိပြီး တစ်ချက် နှစ်ချက် ရှိုက်လိုက်သည် ။ ဝင်းလှိုင့်မျက်နှာကို တွေ၍ ကြည့်သည် ။

"ဘာလဲ၊ ခိုင့်ကို ကိုခင်ဆွေနဲ့ တွဲရက်မြင်ခဲ့လို့ လား"

ပို၍ ညိုသွားသော မျက်နှာထားနှင့် ခေါင်းကို ယမ်းပြလိုက်သည် ။

"ဒါဖြင့် သူ့ဌာနကိုသွားတာ ခဏ ခဏ မလာပါနဲ့ လို့ ထပ်ပြောလိုက် လို့ လား"

ဝင်းလှိုင် သက်ပြင်းချမိသည် ။ အကြောင်းစုံ သိပြီးသား သူငယ်ချင်း က ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာအမျိုးအမည်များကို ခွဲခြား၍ မေးနေ သည် ။ သူငယ်ချင်းဖြစ်သူအတွက် အလုပ်ပို တွေးနေရသော ကျော်ကျော့်ကို မျက်လွှာတစ်ချက် လှန်ကြည့်လိုက်သည် ။ သူ့စကားကို ကျော်ကျော် စောင့်စားနေမှန်း လည်း သိသည် ။ ပြောလည်း ပြောချင်သ ည် ။ ရင်ထဲက သိပ်လေးလံနေလွန်းသော ရတ်တရက်ပြောမဖြစ် နိုင်ခဲ့။ အတော်ကြာသည် အထိ စိတ်ကို ဖော့ထားပြီးတော့မှ စကားစနိုင်လေသ ည် ။

"ငါ့ဘဝတစ်ခုလုံးသာ ကုန်ဆုံးသွားမယ်၊ ခိုင့်အကြောင်းကို တွေးလို့ ဆုံးနိုင်မယ် မထင်တော့ဘူး ကျော်ကျော်"

"မင်းနေရာမှာ ငါစိတ်ကူးကြည့်တယ် ဝင်းလှိုင်၊ အသက်တိုလိမ့်မယ် ထင်တယ်"

"မင်းထင်ကြေး မဆိုးပါဘူး၊ တခြားလူတစ်ယောက်ဆိုရင် တစ်ခုခုဖြစ်ခဲ့တာ ကြာလှရောပေါ့၊ ကိုယ့်ကိုယ်ကိုယ်ပဲ သတ်မိမလား၊ ခိုင့်ကိုပဲ သတ်မိမလားပဲ"

ဝင်းလှိုင်စကားကြောင့် ကျော်ကျော် မျက်လုံးပြူးသွားသည် ။ မကြားဘူးသော စကားဆန်းကို ဝင်းလှိုင့်နှုတ်မှ ထွက်လာ၍ အံ့အားသင့်သွားဟန် တူလေ၏။ ကြမ်းတမ်းလွန်းသော စကားကြောင့် ထိတ်လန့်သွားပုံလည်း ရသည် ။ ဝင်းလှိုင်အတွက် အစိုးရိမ်ကြီး စိုးရိမ်သွားဟန်လည်း ရှိသည် ။

"ဒီလောက်တောင် ဖြစ်မိအောင် ခိုင်နဲ့ ဘာပြဿနာပေါ်ခဲ့လို့ လဲကွာ"

ပြောရမည်ကို တွန့်ဆုတ်ဆုတ်ဖြစ်မိသည် ။ စီးကရက်ကို တစ်ဖွာ နှစ်ဖွာ ဖွာပစ်လိုက်သည် ။

"ငါဒီနေ့ ခိုင်နဲ့ စကားပြောခဲ့တယ်၊ အေးအေးဆေးဆေးဆိုပြီး သွားခဲ့တာ၊ လေးနာရီခွဲလောက်မှာ သူ့အိမ်ရောက်တယ် ..."

ကျော်ကျော်က စကားကိုဖြတ်၍ ဝင်မေးသည် ။

"သူ့အမေ ရောက်နေတယ်ဆို"

"အင်း ... ရောက်နေတယ်၊ ဒါပေမဲ့ မနေ့က ပြန်သွားပြီ"

ကျော်ကျော်က ခေါင်းညိတ်ရင်းနှင့် သူ့စကား ဆက်စရာရှိမည်ကို

နားစွင့်သည် ။

"လက်ထပ်ကြရအောင်လို့ ငါသူ့ကိုပြောတယ်ကွာ၊ အဲဒါ ... ဘာလို့ လက်ထပ်ချင်တာလဲ ဘာညာ နဲ့ ဝေ့လည်လည် လုပ်ပစ်တယ်။ ပြီးတော့ ... သူနဲ့ ငါနဲ့ စကားများ ခဲ့တုန်းက ငါပြောခဲ့တာတွေ ပြန်နှုး တယ်၊ သူ လိုမိန်းမကိုများ ဘာလို့ လက်ထပ်ချင်ရတာလဲ ဘာလဲနဲ့ လက်စားချေလွှတ်တယ်"

ကျော်ကျော်သည် စီးကရက်ပြာခြွေရန် ပြာခံခွက်ကို ကြည့်သည် ။ ပြာခံခွက် အပိုင်းအစတွေကို လှမ်းကြည့်ပြီး သမံတလင်းပေါ်သို့သာ ပြာခါချလိုက်သည် ။ ဝင်းလှိုင်ကိုကြည့်၍ ပြုံးသည် ။

"ဩော် ... ဝင်းလှိုင်ရယ်၊ ခိုင်က မင်းကို ဗိုက်တစ်လုံးနဲ့ ထားပစ်ခဲ့မှာကို စိုးရိမ်နေတာကိုး၊ အင်းလေ ... ယောက်ျားသားခများမှာ အဲသလို အရှက်တကွဲအကျိုးနည်းနဲ့ တံတွေးခွက် မှောက်ရက်မျှော မှာ စိုးရိမ်ရပေမပေါ့"

ကျော်ကျော့် ပြက်လုံးသည် သူ့ကို မရယ်မောစေနိုင်တော့။

***

အပူကို တောက်လျှောက်ခံနိုင်စွမ်းသည် ရှိလေ၏။ အအေးကို တောက်လျှောက် ခံနိုင်စွမ်းသည် ရှိလေ၏။ လျှပ်တစ်ပြက်အတွင်း ပူခြင်း၊ အေးခြင်းဒဏ်ကို တပြောင်းပြန်ပြန်ခံရသည့်အခါ ပြုန်းတီး ရစမြဲ။ သံတုံးသံခဲပင်လျှင် အလွှားလွှား အက်ကွာကျရချေ၏။ အသွေးအသားတွေဖြင့် ဖွဲ့စည်းထားသော ခံစားသိမှတ်တတ်သော နှလုံးသည် မူ အငွေ့ဖြစ်မသွားမည်သာ ကျန်လေ၏။ ထိုဝေဒနာကို ဆို့ဆို့နစ်န

စ် ခံရချိန်တွင် ခိုင့်မျက်နှာကို မြင်ကြည့်၍ ပင် မရ။ အာရုံ၌ မပီမသ။ သ ည် တွင် ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေ မေးကြည့်သည် ။

ခိုင့်ကို ချစ်သလား။ သိပ်ချစ်သလား။ ဘာပြုလို့ သည် လောက် ချစ်မိ ရသလဲ။ ကိုယ်ကချစ်ရ သလောက် ခိုက်ကကော ချစ်ရဲ့ လား။ ခိုင်ကချစ် တယ်ပြောတာတွေကော ယုံရဲ့ လား။ တကယ်ယုံရဲ့ လား။ ဒါဖြင့် ခိုင့်အပြောင်းအလဲတွေက ကိုယ့်ကိုစိတ်ဆင်းရဲအောင်လုပ်နေတာနဲ့ မတူ ဘူးလား။ ဒီလိုဆိုရင် ခိုင်ဘာပြုလို့ ပြောင်းလဲရသလဲ။ သစ်ပင်လေးတွေ ကို ရှင်စေချင်ရင် ရေလောင်းရမယ်။ ရှင်စေချင်တယ်လို့ နှုတ်ကပြောပြီး တော့ ရေနွေးပူလောင်းတာမျိုးကို ခိုင် ဘာဖြစ်လို့ လုပ်ရသလဲ။ တသီတ တန်းကြီး မေးကြည့်သည် ။ ကိုယ့်အမေးကိုပင် မဖြေနိုင်၊ မဖြေတတ် အောင် ဖြစ်ရသည် ။

မကြိုက်ဆုံးသော အမူအရာကို ခိုင်ကပြသခဲ့သည် ။ မြင်ရတော့ ရင် ထဲမှာ နာကျင်ရသည် ။ မကြိုက် ဆုံးသော စကားတွေကို ခိုင်ကပြောခဲ့ သည် ။ ကြားရတော့ ရင်ထဲမှာ နာကျင်ရသည် ။ မရေမရာ စကားမျိုး ကို ပြောလည်း မပြောချင်၊ ကြားလည်း မကြားချင်။ လှုပ်ရှားသမျှ၊ ပြောသမျှတွင် အဓိပ္ပာယ်ရှိရမည်၊ လေးနက်ရမည်ဟု သူ နှလုံးမူခဲ့သည် ။ သူ့သဘောသဘာဝမှန်သမျှကို ခိုင် မသိမရှိ။ ပြောပြခဲ့ပေပြီ။ သိပြီး ဖြစ် သော ခိုင်သည် လက်ထပ်ဖို့ ကိစ္စတွင် ရယ်သွမ်းသွေးသလို ပြောခဲ့သည် ။ နောက်တော့ စကားနာထိုးခဲ့ သည် ။ သည့်ပြင် ရေရေရာရာ စကားတ စ်ခွန်းတလေမျှ မပြောခဲ့။ သည် တော့ မကျေမနပ်နှင့် ခိုင့်ထံမှ ပြန်လာ ရသည် ။ မည်သို့မည်ပုံနှင့် ပြန်သွားသည် ကို ခိုင် သိပြီးသား။ သို့သော် ပြန်ခါနီးတွင် သူ့ကိုကြည့် လိုက်သော ခိုင့်မျက်နှာတွင် မသိကျိုးကျွန်။ ခို င်သည် ဟန်ဆောင်လာတတ်ပြီ ထင်ရ၏။ သို့မဟုတ်ပါက ခိုင်သည် လျှ စ်လျူရှုတတ် လာပြီ ထင်ရ၏။ ရွှေ့လျားပြောင်းလဲမှုကို တွေ့လာရသည့်

အခါ ရှေးရှေးက အကြောင်းတွေနှင့် နှိုင်းယှဉ်လာမိသည် ။ သိပ်ကွာခြားလွန်းတော့ အဖြေကို ရှာကြည့်မိသည် ။ ထွေထွေပြား ပြား အဖြေများစွာကိုသာ ဝိုးတိုးဝါးတား ရလေသည် ။ စိတ်အစွဲတွေကပါ စွက်နေ၍ ရှုပ်ထွေးသည် ထက် ရှုပ်ထွေးလာရလေသည် ။ စိတ်အရှုပ်အထွေးသည် သံသယကိုပါ မကြာခဏ အဖော်ခေါ်လာတတ်သည် ။

ခိုင်က ထားရှိသော သံယောဇဉ်သည် ပြယ်ခဲ့ပြီလား။

ခိုင့်ဘဝကို သိသမျှ ပြန်လည်စဉ်းစားကြည့်သည် ။ ခိုင် ဖွင့်ပြောသမျှစကားတွေအားလုံးကို ပြန်လည် တွေးတောကြည့်သည် ။ အိမ်ထောင်ရေး ဆိုသည် ကို ခိုင် စိတ်နာခဲ့လေပြီလား။ ပေးသောကတိ တွေက သူနှင့်ထူထောင်မည့် အိမ်ထောင်ရေးအတွက် ဧကန်ဧက အခိုင်အမာ ဖြစ်ပြီးသား။ သို့ဖြစ်လျက် လက်ထပ်စကားဆိုသောအခါ ခိုင်သည် အဘယ်ကြောင့် အလေးအနက် သဘောမထားခဲ့သနည်း။

တစ်ခုတော့ ဖြစ်နိုင်သည် ။

နမ်းဖန်များ တော့ ပြယ်တတ်သည် ဆိုသော စကားကို ယုံရမည်လား မသိ။

***

[ ၂ ]

ကော်ပြားစာရင်းတွေကို ကူးယူပြီးနောက် ဓာတ်ပုံဌာနသို့ ပို့လိုက်သည် ။ ဖြစ်နိုင်ပါက ပုံအားလုံး ကို တစ်ပတ်အတွင်း ကူးပေးပါရန် ပြောခဲ့ရသည် ။ ညွှန်ကြားရေးမှူးချုပ်က အလျင်အမြန် ဆောင်ရွက် ခိုင်းသောကိစ္စ ဖြစ်ကြောင်းကို ဓာတ်ပုံဌာနတာဝန်ခံကို ပြောပြလိုက်သည် ။ ဌာနတွင် ယခုထိ စုဆောင်း ထားသော ဒင်္ဂါးများ စာရင်းနှင့် ဓာတ်ပုံရိုက်ကူးထားသမျှ သမိုင်းကော်မရှင်က တောင်း၍ ညွှန်ကြားရေး မှူးချုပ်က အစီအစဉ် ပြုလုပ်ခိုင်းခြင်း ဖြစ်သည် ။ ကြားဖြတ်အလုပ်ပြီးပြီးချင်း တာဝန်ကျဆောင်ရွက်ရမြဲ ရုံးလုပ်ငန်းတွေကို ပြုလုပ်ရသည် ။ ဆယ့်နှစ်နာရီခွဲပြီးတော့ ထမင်းချိုင့်ကို သတိရသည် ။ ထမင်းစားမည်ဟု ပြင်ဆင်နေစဉ် လုပ်ဖော်ကိုင်ဖက်ဖြစ်သူ သုတေသနမှူးတစ်ယောက်က အခန်းထဲသို့ ဝင်လာသည် ။

"ဟောဒီမှာ ကိုဝင်းလှိုင်ရေ့ ခင်ဗျားစာ"

"ကျေးဇူးပဲဗျာ၊ ထမင်းစားပါဦးလား"

"စား ... စား ကျွန်တော် စားပြီးပြီ"

ဟု ပြန်ဖြေပြီး အခန်းထဲမှ ထွက်သွားသည် ။

လက်ထဲကစာကို ကြည့်လိုက်သည် ။ စာအိတ်၏ လက်ဝဲဘက် အောက်နားတွင် 'ကြည်ကြည်၊ မန္တလေး'ဟု ရေးထားသည် ။ လက်ရေးကို မြ

င်လိုက်ကတည်းက အစ်မဖြစ်သူထံမှ စာဖြစ်ကြောင်း သိလိုက်သည် ။ စာအိတ်ကို ပြတင်းပေါက် အလင်းရောင်တွင် ထောင်၍ ကြည့်သည် ။ အတွင်းရှိ စာရွက်နှင့် လွတ်မည့်ဘက်မှ စာအိတ်ကို ခပ်ဖြည်းဖြည်း ဆွဲဆုတ်လိုက်သည် ။ အတွင်းမှ စာရွက်ခေါက်ကို ထုတ်ယူ လိုက်သည် ။

ပထမသုံးလေးကြောင်းမှာ သူ့ထံမှ စာမရ၍ စိတ်ပူကြောင်း၊ နေထိုင်ကောင်း၊ မကောင်း စိတ်ပူနေ ကြောင်း၊ မန္တလေးတွင် ယခုရက်ပိုင်းအတွင်း မိုးမပြတ်၍ အအေးမိကာ သူလေးရက်ဖျားခဲ့ကြောင်း၊ ဆေးသုံးလုံးထိုးလိုက်၍ သက်သာသွားကြောင်း စသည် ဖြင့် ရေးထားလေသည် ။

မျက်လုံးကို အောက်တစ်ကြောင်းသို့ ရွှေ့လိုက်သောအခါ မခင်အိနှင့် တူးတူးတို့ သားအမိအ ကြောင်းကို တွေ့လိုက်ရသည် ။

'အစ်မပို့လိုက်တဲ့ ပစ္စည်းတွေ ရ၊ မရ မခင်အိကို မေးကြည့်ပေးပါ။ တူးတူးအတွက် ဆွယ်တာ အင်္ကျီစ သုံးစပို့ပေးလိုက်တယ် မောင်ဝင်းလှိုင်။ ဒါထက် စကားမစပ် ပြောရဦးမယ်။ မင်းနဲ့ မခင်အိတို့ ကိစ္စ ပါပဲ။ မင်းတို့ ချင်း မာနပြိုင်နေကြတာက အကြောင်း မဟုတ်ဘူး ။ တူးတူးက သနားစရာပါ။ တူးတူးက ယောကျ်ားကလေးဆိုလည်း အစ်မ ဘာမှ ပြောဖြစ်မှာ မဟုတ်ဘူး ။ မွေးထားတာက မိန်းကလေး။ ဒီတော့ စဉ်းစားစေချင်တယ်။ ဒါနဲ့ ပတ်သက်လို့ တကယ်တော့ ဘာမှ မပြောချင်ဘူး။ မင်းလည်း ငယ်တဲ့ အရွယ် မဟုတ်တော့ဘူး။ သုံးဆယ့်သုံးနှစ်ဆိုတာ ဆင်ခြင်မှု ကောင်းကောင်း ရနိုင်ပြီလို့ အစ်မယုံကြည်ပါတယ်'

မခင်အိနှင့် ပတ်သက်သော ထိုစကားမျိုးကို အစ်မ မပြောခဲ့သည် မှ ကြာလှပြီ။ သည် စာတွင် မှ ပြန်လည်ပြောဆိုလာပြန်သည် ။ သူနှင့် မခင်အိတို့ ကိစ္စနှင့် စပ်လျဉ်း၍ မာနချင်းပြိုင်နေသည် ဟု အစ်မ ယူဆလိုက်ပုံကို ပြုံးမိသည် ။ ဇာတ်လမ်းအစအဆုံးကို အစ်မသိလျက် သူ့ကိုပါရော

၍ တမင်အပြစ်တင် သည် ဟု တွေးမိသည် ။

'မခင်အိအနေနဲ့ လည်း စိတ်နှလုံးအေးအေးချမ်းချမ်းနဲ့ တွေးတောနိုင်ပြီလို့ အစ်မ တွက်ပါတယ်။ မင်းဆီကို ဒီစာရေးလိုက်သလို မခင်အိဆီကိုလည်း အစ်မ ရေးလိုက်တယ်။ မခင်အိတို့ ၊ တူးတူးတို့ နဲ့ သိပ်လမ်းပြတ်နေပုံရတယ်။ သမီးမျက်နှာကို ငဲ့ဦး မောင်ဝင်းလှိုင်'

အစ်မသည် မခင်အိ၏ စိတ်ဓာတ်ကို ယခုထိ သဘောပေါက်သေးဟန်မတူ။ မခင်အိနှင့်သူနှင့် ဖြစ်ခဲ့ ရသော ပြဿနာတွင် မခင်အိသည် ပူပြင်းပေါက်ကွဲသော အနေအထားနှင့် ရပ်ခဲ့ခြင်းမဟုတ်။ အလွန် အေးဆေးတည်ငြိမ်စွာဖြင့် လမ်းခွဲစကားဆိုခဲ့ခြင်းသာ ဖြစ်လေသည် ။ မဆိုစလောက် အကြောင်းအချက် လေးတစ်ခုပေါ်တွင် သဘောထားကွဲခဲ့ခြင်းသာ ဖြစ်လေသည် ။ ဤအချက်ကို အစ်မ သတိမပြုမိခဲ့သလား မသိပေ။ ထို့ကြောင့်ဟု ထင်ရ၏။ မခင်အိထံသို့ စာရေးလိုက်ပုံ တူလေသည် ။ ပြီးတော့ မခင်အိတို့ သားအမိ ထံသို့ အကြောင်းကြီးငယ်ရှိလျှင် ရှိသလို သူရောက်သွားတတ်ခြင်းကို အမှန်တကယ် ယုံကြည်ပုံမရ။ လမ်းပြတ်လွန်းနေသည် ဟု အထင်ရောက်နေဟန် ရှိလေ၏။

'တကယ်လို့ သာ မင်းရော မခင်အိကပါ သဘောတူမယ်ဆိုရင် တူးတူးကို တို့ မွေးစားချင်တယ်။ မနေ့ကတောင် အဲဒီအကြောင်းကို ကိုသိန်းဇံက ပြောနေသေးတယ်။ ပြောမယ့်သာပြောရတာပါ။ မင်းတို့ က ပေးဦးလည်း မခင်အိမိဘများက သူတို့ မြေးကို ဘယ်ပေးနိုင်ပ့ါမလဲ'

အစ်မတို့ တွင် သားထောက်သမီးခံမရှိ၍ လား မသိ။ တူးတူးကို သံယောဇဉ်ကြီးနေကြလေသည် ။ စာတိုင်းတွင် တူးတူးအကြောင်းမပါလျှင် မပြီး။ သူ့ထုံးစံအတိုင်း တူးတူးလိမ္မာပုံ၊ စကားတတ်ပုံ၊ နွဲ့ဆိုးဆိုး တတ်ပုံတွေကို ခရေစေ့တွင်းကျရေးလေသည် ။ တူးတူးအကြောင်းပြီးသွား

သည့်နောက် သူတို့ စီးပွားရေး အခြေအနေ အဆိုး၊ အကောင်းကို ဆက်၍ ရေးသည် ။ အစိမ်းကဘယ်လို၊ အနီကဘယ်ပုံ၊ အပြာက ဘယ်နည်း၊ အဖြူက ဘယ်သို့။ မှန်းခြေမကိုက်၍ ထိသွားကြောင်း၊ ထင်ကြေးဆိုက်၍ အတော်ကလေး အဆင်ပြေကြောင်း အစရှိသော ကျောက်စိမ်း၊ ပတ္တမြား ၊ နီလာနှင့် စိန်အရောင်းအဝယ်အကြောင်းများကို ရတနာစကား၊ ဗန်းစကားစွက်ကာ ရေးသည် ။ ထိုစာပိုဒ်များကို တစ်ချက်သာရှုပ်၍ ကြည့်စမြဲ ။

'ဒီလကုန်လောက်မှာ အစ်မတို့ ရန်ကုန်ဆင်းလာခဲ့မယ်။ မင်းလိုချင်တာ ရှိရင် တစ်ရက်၊ နှစ်ရက် အတွင်း စာကြိုရေးလိုက်။ ကျော်ကျော်နဲ့တွေ့ရင် ပြောပြလိုက်ပါ။ သူမှာ တဲ့ ခရုပလေကပ်လုံချည် ယူလာ ခဲ့မယ်လို့ '

***

ရုံးဆင်းချိန် လွန် လာပြီဖြစ်၍ ပိတောက်လမ်းတစ်လျှောက်တွင် အသွားအလာ ကျဲပါးသွားသည် ။ စားသောက်ဆိုင်များ တွင် မစည်ကားတော့။ ဘယ်သို့ချိုး၍ လမ်းအတိုင်း မြောက်ဘက်သို့ မျက်နှာမူလိုက် ကြသည် ။ ပိတောက်ပင်တွေ တစ်မျှော်တစ်ခေါ်ကြီး မြင့်နေရသည် ။ သည်လမ်းပေါ်တွင် ကြိမ်ဖန်များ စွာ လျှောက်ခဲ့ဖူးသည် ။ သို့ရာတွင် လျှောက်သမျှအခါတိုင်းသည် သစ်နေသည် ချည်း။ ကြည်နူးရသည် ချည်း။ မိုးနှောင်းလေပြည်သည် ရှေ့နောက်ဝဲယာမှ ဝေ့ဝေ့ဝဲဝဲ လိုက်ပါလာတတ်သည် ။ များ မကြာမီ ဆောင်းဝင် တော့မည်ကို ခံစားသိရှိနေရသည် ။ မွေ့လျော်နှစ်ခြိုက်ဖွယ်ကောင်းသော မနှစ်ကဆောင်း၊ တစ်နှစ်က ဆောင်းကာလတွင် ခိုင်နှင့်အတူ လမ်းလျှောက်ဖြစ်သည် ။ စကားတွေပြောဖြ

စ်သည် ။ လျှောက်လည်ဖြစ် သည် ။ ထိုအကြောင်းတွေကို ခိုင်သည် ပြန်လည် အမှတ်တရရှိနေလိမ့်မည် ယုံကြည်၏။

"ကျွန်မကို မောင် စိတ်ကောက်နေတယ် မဟုတ်လား"

ဝင်းလှိုင်က ချက်ချင်းပြန်မဖြေ။ ခိုင်သည် သူ့မျက်နှာကို ငဲ့၍ ကြည့်သည် ။ မသိမသာ ပြုံးလိုက် သည် ။ ခိုင့်မျက်နှာသည် ကြည်စင်လျက် ရှိလေသည် ။

"ပြောလေ မောင်ရဲ့ ၊ စိတ်ကောက်နေတယ်မို့လား"

ဝင်းလှိုင်က လှည့်၍ ကြည့်သည် ။ ခိုင်သည် ခြေလှမ်းကို နှေးလိုက်သည် ။

"မကောက်ပါဘူး၊ ခိုင် ထင်လို့ ပါ၊ မောင် ဘာမှ မဖြစ်"

ခပ်တိုးတိုး ရယ်သံကို ကြားရသည် ။

"မောင်က ကျွန်မကို တကယ်မချစ်လို့ သာ စိတ်ကောက်တာပါ"

ကလေးတစ်ယောက်၏ လေသံလို အပြစ်ကင်းသည် ဟု ထင်သည် ။ ခိုင့်လေသံသည် ဝမ်းနည်းသံ ပေါက်နေသည် ဟု တွေးမိသည် ။

"ဘယ်လောက် ချစ်တယ်ဆိုတာ ခိုင် အသိဆုံးပါ"

ခေါင်းကို ခါပြသည် ။ ပခုံးပေါ်မှ ဆံမြိတ်သည် လှုပ်ယမ်းသွားသည် ။

"မသိပါဘူး၊ မခင်အိကို ချစ်တာထက် သုံးပုံ တစ်ပုံတောင် ရှိချင်မှ ရှိမှာ "

ခိုင့်စကားသည် မျက်နှာထား ခက်သွားစေသော စကား။ ထိုစကားကိုဆိုသော ခိုင့်ရင်၌ မည်သို့ ရှိလိမ့်မည်ဟု တွေးကြည့်ပြီးသား ဖြစ်လေသည် ။ ခိုင်သည် သူ့အပေါ် အချစ်လျော့မည်ကို ကြောင့်ကြ နေဟန် ရှိ

လေသည် ။ ကြောင့်ကြသော ဝေဒနာကို ခိုင်ခံစားရမည့်အတွက် စိတ်မကောင်းဖြစ်ရသည် ။ တစ် နည်းတော့ ဝမ်းသာရသည် ။ ကြောင့်ကြခြင်းသည် အချစ်၏ အစွယ်အပွားတစ်ခု ဖြစ်လေသည် ။ မချစ်မည် ကို စိုးရိမ်သော ခိုင်သည် အချစ်ကြီး ချစ်စေလိုသောကြောင့် ထိုစကားကို ဆိုလိုက်ခြင်းဟု တပ်အပ်သိ သည် ။ အချစ်ဦး ဖြစ်ခွင့်မရလေ၍ ခိုင် ဝမ်းပမ်းတနည်း တွေးမိလေဟန် တူ၏။ လွန်လာခဲ့ပြီဖြစ်သော ဘဝတစ်ဆစ်ချိုးကို ပြန်လည်ဖြောင့်၍ မရတော့ကြောင်း သူသိသလို ခိုင်သည် သိမည်အမှန်။ ဆေးမင်ကို ဖျက်သော်လည်း ရေးရေးမျှကား စွဲထင်စမြဲ။ သည့်အတွက် ခိုင့်ကို ချစ်အားနာမိလေသည် ။

"မခင်အိက ကျော်ကျော့်ကို တစ်ခါက ပြောလိုက်ဖူးတယ်၊ 'ခိုင့်ကို ကျွန်မထက် ဆယ်ဆမက ချစ်တာပဲ'တဲ့ ။ ခိုင်မှတ်မိမှာ ပါ။ အင်းပေ့ါလေ၊ မောင့်မှာ ရှိခဲ့ဖူးတဲ့ အဲဒီအတိတ်ဟာ ခိုင့်ကို အမြဲ စိတ်အနှောင့်အယှက် ပေးနေမှာ ပါ"

ခိုင်သည် မောပြုံး ပြုံးပြသည် ။ ပင့်သက်ကို ပြေပြေမှုတ်ထုတ်သည် ။ လှပနီတွေးသော နှုတ်ခမ်း သည် ခပ်စေ့စေ့ဖြစ်လျက်ရှိ၏။

"ဒီအတွက်တော့ ဟုတ်ပါဘူး မောင်ရယ်၊ 'ခိုင့်ကိုချစ်တယ်'ဆိုတဲ့ မောင့်စကားတွေ အားပျော့ သွားမှာ ကို ကျွန်မ စိုးလို့ ပါ"

မပွင့်တပွင့်နှင့် တိုးတိုးပြောလိုက်သော ခိုင့်ကို စောင်းငဲ့ကြည့်လိုက်သည် ။ ပါးစောင်ပေါ်တွင် ပြေး နေသော အကြောစိမ်းတွေကိုပင် မြင်ရသည် ။ ခိုင့်မျက်လုံးသည် လဲ့၍ နေသည် ။

"မောင် အသက်ရှင်နေသမျှ ကာလပတ်လုံးတော့ ခိုင့်ကို မုန်းဖို့လည်း မဟုတ်ဘူး ၊ မေ့ပစ်လို့ လည်း မရပါဘူး။ ခိုင့်ဒဏ်ကို မောင် ဘယ်လောက်ခံရတယ်ဆိုတာလည်း ခိုင်သိသားပဲ။ မောင်ဘယ်လို သည်းည

ည်းခံခဲ့တယ်ဆိုတာ ခိုင့်ကိုယ်တွေ့။ ချစ်တာလည်း ဘယ်တော့မှ မလျော့ဘူး ခိုင် သိလား

အသံထွက်အောင်ပင် ခိုင် ရယ် လိုက်လေသည် ။

"တစ်ခါတစ်ခါကျတော့ မောင့်ကို ရွဲ့ပစ်လိုက်တာ၊ ကျွန်မ အရွဲ့တိုက်တတ်မှန်းလည်း မောင်သိ တယ်မဟုတ်လား။ မောင်ကလည်း သိပ်ဆိုးတတ်တယ် မဟုတ်လား။ ဘာမှန်းလည်း မသိဘူး၊ ဟိုလူနဲ့ ထင်၊ ဒီလူနဲ့ သမုတ်။ 'ကိုခင်ဆွေနဲ့ က ပြီးပြီးသားအတိတ်ပါ။ ခုလည်း ဘာမှ မဆိုင်။ နောင်လည်း ဆိုင်မှာ မဟုတ်'လို့ ပြောထားတဲ့ ကြားက ထထစွပ်စွဲတာကိုး။ မောင်က သိပ်သဝန်တိုလွန်းတယ်။ ဟင်း ကျွန်မကို များ ပြောလိုက်တာ၊ ရက်ရက်စက်စက်၊ ဟုတ်ဘူးလား"

စိတ်နှလုံးအေးချမ်းစွာရှိနေစဉ် ထိုအကြောင်းတွေကို ခိုင်က ပြန်လည်ပြောပြသောအခါ မလုံမလဲ ဖြစ်ရသည် ။ ခိုင့်စကားထဲက သူ့ကိုဝေဖန်ချက်တို့ သည် တစ်ဝက်ကိုမှ ဘာကြောင့် ဘာကြောင့်ဟု ကြောင်း ကျိုးဆက်၍ ရှင်းမပြချင်။ သူ့စရိုက်ကို ခိုင်ဝေဖန်လိုက်၍ ပြုံးမိသည် ။ ယခင့်ယခင်က မရှိခဲ့စဖူးသော ထိုစရိုက်ဆိုးကလေးတွေက ခုမှ ရှိလာရပုံတွေကို ထပ်မပြောပြချင်။ ပြောပြပြီး စောဒကမတက်ချင်။ ကိုယ့်အပြစ်ကိုဖော့စေချင်ရာ ကျကောင်းကျနေမည်။ သူက စေ့စေ့စပ်စပ်ပြောတတ်သည် ။ ခိုင်က ရွဲ့တတ် သည် ဆိုသည့်အတိုင်း ရွဲ့သည် ။ ပြဿနာ၏ အစသည် သူ့ထံတွင် သာ ရှိနေသည် ဟု ခိုင့်စကား၌ ရည်ညွှန်း ရိပ်ပေါ်နေ၏ ။ စင်စစ် ပြောတတ်သောသူ၌ ပြောစရာတွေဖြစ်လာရန် ခိုင်မည်သို့ ပြုမူနေထိုင်ခဲ့သနည်း။ ထိုမေးခွန်းကသာလျှင် ပြဿနာ၏ ရင်းမြစ်ကို ညွှန်နိုင်လေသည် ။ ထိုမေးခွန်းကို မေးလိုက်လျှင် စကား အချေအတင် ဖြစ်ရပေဦးမည်။ ဆက်တိုက်ဆက်တိုက် စဉ်းစားမိ၏။ ထို့ကြောင့်

ပြောသင့်ပြောထိုက်သည် ကို ရွေးချယ်၍ ပြောရန် ချိန်ဆရလေ၏။

"သဝန်တိုတာကတော့ ခိုင့်ကို သူများ လက်ထဲပါသွားမှာ စိုးလို့ ပေါ့"

အဖြေကိုသဘောကျ၍ လား၊ ဖြေပုံကိုသဘောကျ၍ လားမသိ၊ ဟက်ဟက်ပက်ပက်ရယ်သည် ။

"စိတ်ချ မောင်ရေ့၊ ဘယ်သူ့လက်ထဲကိုမှ ပါမသွားဘူးမှတ်"

"ဒီနေ့ ဒီစကားမျိုးကြားရတဲ့ အတွက် ဒီတစ်နေ့တာအဖို့ တော့ စိတ်ချသွားရပြီပေါ့"

ခိုင်သည် သူ့ပခုံးကို ညာဘက်ရင်ညွန့်နှင့် ခပ်ဖြည်းဖြည်းတိုက်ပြီး မျက်စောင်းထိုးသည် ။ နေရောင် ခြည်ထက် နွေးသွားသလို ခံစားရသည် ။ စကားကို မဆက်မိကြ။ ရေကူးကန်ကိုပင် လွန်လာခဲ့ပြီ။ တက္က သိုလ်ရိပ်သာလမ်းသို့ ရောက်ခါနီးတွင် မေးသည် ။

"မောင် ဘယ်မှ သွားစရာ မရှိပါဘူးနော်"

သူက ခေါင်းညိတ်လိုက်သည် ။

"အိမ်ကိုလိုက်မယ် မဟုတ်လား"

ဒုတိယအကြိမ် ခေါင်းညိတ်ပြလိုက်သည် ။

"မောင်ကြိုက်တဲ့ ဟင်း ချက်ထားတယ်၊ မောင်စားမယ်ထင်လို့ "

ခိုင့်ကို ပြုံးပြလိုက်သည် ။

"ချော့ရတာတွေ၊ မောင် စိတ်ပြေအောင် ချော့ရတာတွေ"

ခိုင်သည် သူ့လက်မောင်းကို ကိုင်လိုက်သည် ။ ချစ်မြတ်နိုးဖွယ်သောမျက်နှာနှင့် ပြုံး၍ နေလေ သည် ။ ထိုအပြုံးတွင် အဆင်တန်ဆာ မပါမရှိ ။ ပကတိအတိုင်းဟု ထင်ရ၏။

***

သံတံခါးကို သော့ခတ်လိုက်သည် ။

ကြိမ်ခြင်းကို စားပွဲပေါ်သို့ တင်လိုက်သည် ။ ခိုင့်ကိုကြည့်ရသည် မှာ ရွှင်ရွှင်ပျပျ။ အမူအရာအား လုံးသည် ဖျတ်ဖျတ်လတ်လတ်။ နွမ်းနယ် လေဟန်ကို စိုးစဉ်းမျှပင်မတွေ့ရ။

"မောင် ထိုင်ဦးနော်"

သူ ဧည့်ခန်းထဲတွင် ထိုင်နေစဉ် အိပ်ခန်းတွင်းသို့ ခိုင် ဝင်သွားသည် ။ အတန်ကြာမှ ခိုင်ထွက်လာ သည် ။ အင်္ကျီ၊ ထဘီ လဲလာသည် ။ ရှပ်လ က်တိုအဝါနု။ တက်ထရွန်အပါး။ သရက်ထည် အပြာနုထဘီ။ အမြင်မှာ ရုတ်တရက်ပြောင်းနေသော်လည်း ကြည့်၍ ယဉ်နေသည် ထင်၏။ တစ် ပတ်လျှိုထုံးထားသော ဆံပင်ကို ဖြေချကာ ပလတ်စတစ်ဘီးဖြင့် ဘီးဆံ ပတ်ဖွဖွ ထုံးလိုက်သည် ။

"ထမင်းအိုး တည်လိုက်ဦးမယ်၊ ဟင်းကတော့ မနက်ကတည်းက ချ က်ပြီးသား"

ခိုင်ချက်ထားသော ဟင်းသည် အမဲနှပ်ဟင်း ဖြစ်ရမည်ဟု အတပ်သိ နေသည် ။

"မောင် ဒီမှာ ထိုင်ပြီး စာဖတ်နေမလား၊ မီးဖိုထဲမှာ လိုက်ထိုင်ပြီး စာ ဖတ်မလား"

ခေါင်းကို ခပ်ငဲ့ငဲ့ထားကာ မေးသည် ။ ထိုင်ရာမှ ထလိုက်ရင်း ခိုင့်ကို ဖြေသည် ။

"မီးဖိုထဲမှာ လိုက်ထိုင်ပြီး စကားပြောမယ်"

ခိုင်သည် 'ဟင်း'ခနဲ တစ်ချက်ရယ်ပစ်သည်။

ထို့နောက် ခိုင်သည် "ကဲ ... ဒါဖြင့်လာ"ဟု ပြောကာ မီးဖိုဆောင်ဘက်သို့ သွားသည်။

ခိုင့်နောက်မှ ကပ်လျက်သား လိုက်သွားသည် ။ ခိုင်သည် မီးဖိုဆောင်ပြတင်းပေါက်ကို ဖွင့်လိုက် သည်။ အနောက်ဘက် ပြတင်းပေါက်ထဲသို့ သစ်ရိပ်ကို ဖြတ်၍ လာရသော နေခြည်ဖျော့ဖျော့က ရောက်လာ သည်။

"မောင် ဒီမှာ ထိုင်"ဟု ထမင်းစားပွဲဘေးရှိ ကုလားထိုင်တွင် ထိုင်ခိုင်းသည် ။ ခိုင်သည် အရှေ့ဘက် ပြတင်းပေါက်ကို ဖွင့်ပြီး ရေကပြင်သို့ဆင်းရာ တံခါးကို ဖွင့်သည်။

ထို့နောက် ထမင်းအိုးကို မီးဖိုပေါ်မှ ယူလိုက်သည် ။ ခိုင် ဆန်ဆေးတော့မည်။ ခိုင့်စနစ်ကို သူ သိသည်။ မနက်ကတည်းက စပါးလုံး၊ စက်ချေး၊ ခဲလုံးတွေ စင်နေရန် ဆန်ရွေးပြီး အသင့်လုပ်ထားသည်။ ညနေ အလုပ်မှ ပြန်လာသောအခါ ဆန်ဆေးရန်သာ ကျန်သည်။ နှစ်ယောက်စာအတွက် ဆန်ထပ်ထည့် ခြင်း မပြုပုံကိုထောက်ရလျှင် မနက်ကတည်းက စီစဉ်ထား၍ သာ ဖြစ်ရမည်ဟု သူတွေးသည်။

နို့ဆီဘူး နှစ်လုံး၊ နှစ်လုံးခွဲလောက်ချက်လျှင် နှစ်ယောက်စာအတွက် ကုန်ပင် မကုန်တတ်။ စားနေ ကျလိုလိုဖြစ်၍ ထမင်းနှင့်ဟင်း အတိုင်းအတာမှာ တွက်သားကိုက်ပြီးသား။

ခိုင်သည် ဆန်မဆေးမီ ကော်ဖီနှစ်ခွက်ဖျော်သည်။ ကော်ဖီပန်းကန် နှစ်ပန်းကန်ကို စားပွဲပေါ်သို့ လာချသည် ။ထို့နောက်

လက်ဖက်ရည်ကြမ်းကရားကို သွားသွန်သည် ။ လက်ဖက်ခြောက်ထည့်ပြီး ဓာတ်ဘူးထဲမှ ရေနွေးထည့်သည် ။ တစ်ဆက်တည်းပင် ရေနံဆီမီးဖိုကို မီးရှိန်ကောင်းအောင် ကြိုတင် မီးမွှေးခဲ့ပြီးမှ ထမင်းအိုးကို ရေကပြင်ဆီသို့ ယူသွားသည် ။

ထမင်းအိုးကို မီးဖိုပေါ်သို့ တင်ပြီးတော့မှ စားပွဲဆီသို့ ရောက်လာသည် ။ ဘေးချင်းယှဉ်နေသော ကုလားထိုင်တွင် ခိုင် ထိုင်လိုက်သည် ။

"ထမင်းအိုးစောင့်ရလို့ မောင်သိပ်ဆာနေမယ်။ ကော်ဖီသောက်လိုက်ဦး မောင်"

"မဆာပါဘူး၊ ရပါတယ်"

ဝင်းလှိုင် ကော်ဖီပန်းကန်ကို လှမ်းယူရင်း "အဲဒီ ရပါတယ်၊ ရပါတယ်ဆိုတဲ့ စကားကြီးကလည်း ဘာမှန်းမသိဘူး။ လဟာပြင်ဈေးက ဈေးသည် ကျနေတာပဲ"ဟု ပြောသည် ။ ပန်းကန်ပြားထဲသို့ ငှဲ့ထည့် ကာ အအေးခံပေး၏။ ခိုင့်အပြုအမူအားလုံးသည် ချမ်းမြေ့ဖွယ်ရာများ ဖြစ်နေလေသည် ။

***

"အပေါ်ထပ်ကလူတွေ ငြိမ်ချက်သား ကောင်းလှချည်လား ခိုင်။ ခါတိုင်းဆို ကလေးတွေ သောင်းကျန်းလိုက်ကြတာ ဝုန်းဒိုင်းနေတာပဲ။ ခုတော့ တိတ်လို့ "

ကုလားထိုင်နောက်မှီတွင် ကျောကပ်ကာ ခါးကော့၍ အညောင်းဆန့်ရင်းနှင့် ခိုင် ဖြေသည် ။

"မရှိဘူး မောင်ရဲ့ ၊ သန်လျင်က သူတို့ အဘိုးလေးဆုံးလို့ သွားကြတ

ယ်၊ မနက်ဖြန်ညနေကျမှ ပြန်လာမှာ "

"ဩော်"

"မာမိဆီကိုတောင် အဲဒီအကြောင်း သူတို့ စာထည့်လိုက်တယ်တဲ့ ၊ မာမီကတော့ ဘယ်လာနိုင်မှာ လဲ မောင်ရယ်။ နည်းတဲ့ အခရီးမှ မဟုတ်တာ"

"အင်းပေ့ါ"

ခိုင်သည် ရေနွေးကြမ်း ထပ်ငှဲ့သည် ။ စကားစပြတ်သွား၍ ဆိတ်ငြိမ်မှုကို သတိပြုမိသည် ။ အပြင်တွင် အမှောင်သည် အထုအထည်ကောင်း စပြု လာပြီ။ နေဝင်သွားသည် မှာ သိပ်မကြာလှသေး။ သစ်ရိပ်ဝါးရိပ် ထူထပ်သောကြောင့် မွန်းတည့်ချိန်မျိုး၌ပင်လျှင် လင်းအားလျော့ရာ အနေအထားရှိလေ သည် ။

"သူတို့ ပြောလို့ ကျွန်မသိတာပါ။ ကျွန်မကတော့ ဘာမှ မမေးပါဘူး။ သူတို့ အဘိုးလေးကိစ္စကို အသွားအလာမလုပ်တာ ကျေနပ်ချင်မှ ကျေနပ်မှာ ပေ့ါလေ။ ဆွေမျိုးဆိုပေမယ့် မာမီနဲ့ သာ တော်တာ။ ကျွန်မနဲ့ က ဘာဆိုင်တာမှတ်လို့ ။ ပြီးတော့ ... ကျွန်မနဲ့ ဆို သူတို့ က ခပ်စိမ်းစိမ်းနေကြတာ၊ မောင့်ကို ပြောဖူးသားပဲ"

ဝင်းလှိုင်က ခေါင်းညိတ်ပြသည် ။ ခိုင်ပြောပြထား၍ အသိုင်းအဝိုင်း တစ်ခုလုံးကို သိပြီး ဖြစ်လေ သည် ။

အပေါ်ထပ်တွင် နေကြသော မိသားစုသည် ခိုင့်မိခင် ဒေါ်မြင့်သောင်း ၏ ဝမ်းကွဲတူမ မိသားစုဖြစ် လေသည် ။ ခိုင်တစ်ဦးတည်း ဤအိမ်တွင် နေရသော အခြေအနေသို့ ရောက်လာသောအခါ ညရေးညတာမှ အစ အဖော်အလှော်ဖြစ်စိမ့်သောငှာ ထိုမိသားစုကို ဒေါ်မြင့်သောင်းက

နေစေခြင်းဖြစ်သည် ။ အိမ်လခပင် မယူဟု သိရသည် ။ ရေဖိုး၊ မီးဖိုးကို မူ သူတို့ တာဝန်ယူပါရစေဟု ပြော၍ ဒေါ်မြင့်သောင်းက ခွင့်ပြုခဲ့သည် ။ ခိုင်သည် မိခင်၏ အစီအမံကို မငြင်းလို၍ ထိုမိသားစု လာရောက်နေထိုင်မည့်ကိစ္စကို မကန့်ကွက်ခဲ့။ သို့သော် တစ်အိုးတည်းစား၊ တစ်ခန်းတည်းနေထိုင်ကြခြင်းထက် တသီးတခြား နေထိုင်ကြခြင်းက စိတ်ရှုပ်စရာကင်းမည်ဟု မိခင်ကို ပြောခဲ့သည် ။ ထို့ကြောင့် အပေါ်ထပ်တွင် သူတို့ နေခဲ့သည် ။ အပေါ်ထပ် လှေကားမှာ အတွင်းလှေကား မဟုတ်သောကြောင့် ပို၍ သီးသန့်ဆန်သည် ။ အပေါ်ထပ်တွင် နေကြသည့် မိသားစုမှာ ဒေါ်မြင့်သောင်း၏ တူမ၊ သူ့ယောကျ်ား၊ ထိုယောကျ်ား၏ ညီမ၊ ကလေးသုံးယောက်။ အထက် အောက်သာ နေကြသည် ။ ခိုင်နှင့် အကျွမ်းတဝင်မရှိလှ။ ခိုင် တစ်ခါက ပြောဖူးသည် ။

'ခိုင် ဘဝင်မြင့်ပြီးတော့ သူတို့ ကို အရေးမလုပ်တာမျိုး မဟုတ်ဘူးလေ၊ မာမီ့တူမရဲ့ ယောကျ်ား ဘယ်ရုံးမှာ အလုပ်လုပ်မှန်းလည်း ခိုင် မသိဘူး၊ နောက်ပြီး အဲဒီလူရဲ့ ညီမကို ဝိဇ္ဇာသိပ္ပံဘက် ခိုင်ရောက်တဲ့ အခါ မြင်မြင်နေသားပဲ၊ ဒါပေမဲ့ ဘာအဓိကဘာသာယူမှန်း ခိုင် ခုထိ မသိဘူး၊ မေးလည်း မမေးဘူး၊ စုံလည်း မစုံစမ်းဘူး၊ ဘာသိဘာသာပဲ'

ထိုစကားပြောစဉ်တုန်းက ခိုင်သည် သူ့ကိုယ်သူ ခိုင်ဟု ပြောတတ်သေးကြောင်း သတိရနေသည် ။ နောင်သောအခါ ကျွန်မ ကျွန်မနှင့် ပြောင်းသွားသည် ။ ခိုင်ပြောပြသော သူ့အထာကို ကြားရစဉ် ထူးဆန်းသလို ဖြစ်မိသည် ။

'သိပ် ဘာသိဘာသာကြီး ဆိုရင်တော့ မကောင်းဘူးထင်တယ်'

ထိုအခါ ခိုင်သည် နားကြည်းသံပေါက်သည့် ရယ်ပုံမျိုးနှင့် ရယ်၍ ပြန်ပြောခဲ့သည် ။

'မောင့်ကိုပြောပြခဲ့ဖူးသားပဲ၊ အဲဒီအချိန်မှာ ဘေးဘီကို လှည့်လို့တောင် မကြည့်မိတဲ့ အကျင့်၊ ပတ်ဝန်းကျင်ကို အာရုံမစိုက်မိတဲ့ အကျင့်တွေ ခိုင့်မှာ ရှိနေပြီလို့ '

သူ့စကားတွင် မည်သည့်ကျောထောက်နောက်ခံများ အရိပ်ထိုးနေကြောင်း ဝင်းလှိုင် သိပြီးဖြစ်ခဲ့ သည် ။ ထိုကျောထောက်နောက်ခံသည် ကိုခင်ဆွေနှင့် အသက်ဆိုင်ဆုံး ဖြစ်လေသည် ။ ထူးထူးခြားခြား ခံစားမိစေသော ခိုင့်အပြုအမူ ခိုင့်စိတ်နေစိတ်ထားတို့ကို သတိပြုမိသောအခါတိုင်းတွင် ကိုခင်ဆွေနှင့် ပတ်သက်ရာ ပတ်သက်ကြောင်း အစိတ်အပိုင်းများက ပါမလာ၍ မဖြစ်။ ခိုင့်ဘဝကို တစ်မျိုးတစ်မည် ပြောင်းလဲစေခဲ့သော အကြောင်းအရာများ အနက် ကိုခင်ဆွေသည် ပဓာနကျသည့် အကြောင်းအရာဖြစ်နိုင် ၏။ ခိုင်ပြောပြ၍ သိရသလောက်နှင့်ပင် ကိုခင်ဆွေဆိုသော အမည်ကိုလည်းကောင်း၊ ကိုခင်ဆွေနှင့် စပ်လျဉ်းရာမှန်သမျှကိုလည်းကောင်း ဝင်းလှိုင် မကြားချင်။ ခိုင့်ကိုယ်စား နာကြည်းရလေသည် ။ ခိုင့်နှုတ် က စကားစပ်မိတိုင်း ပါလာတတ်သော ထိုနာမည်ကို နားမှ ခြစ်ထုတ်ပစ်ချင်သည် ။ ထိုသူနှင့် စပ်ဆိုင်စေ နိုင်သော စကားဟူသမျှကို တားချင်စိတ် ပေါက်ခဲ့လေသည် ။

"မောင် ထမင်းစားလို့ ကောင်းတယ်နော်"

ငိုင်ခနဲဖြစ်သွားသော အခိုက်မှာ ပင် ခိုင့်မေးခွန်းကြောင့် ခေါင်းမော့သွားရသည် ။

"ကောင်းပါတယ်၊ ဗိုက်ကို တင်းသွားတာပဲ"

ခိုင့်မျက်စောင်းကို တွေ့ရသည် ။

"ချက်တဲ့ လူ စိတ်ချမ်းသာအောင် ပြောတာပါ"

"တကယ်ပြောတာပါ"

ခိုင်သည် သူ့ဘယ်ဘက်ပခုံးပေါ်တွင် ပါးကိုကပ်ထားသည်။ စကားမဆက်မိကြ၍ တိတ်တိတ် ဆိတ်ဆိတ်ဖြစ်နေသည်။ ပတ်ဝန်းကျင်မှ အသံတွေပင် ငြိမ်သက်ကုန်သည်။ တစ်ဖက်ခြံမှ ရေဒီယိုသံကို သာ သဲ့သဲ့ကြားရသည်။ ရှစ်နာရီသတင်း ကြေညာသံကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ရှိနေသည်။ ပီပီသသကြားနေရသည် မှာ မူ ခိုင့်အသက်ရှူသံ။ ခိုင့်မျက်လွှာတို့ သည် ပိတ်လျက်ရှိလေသည်။ ချက်ရပြုတ် ရထမင်းပွဲသိမ်းရနှင့် နွမ်းနယ်သွားဟန်တူသည်။ နားနားနေနေ အပန်းဖြေနေသောခိုင်သည် ချစ်မြတ်နိုး ဖွယ်သောအမြင်ကို ဖန်တီးပေးပုံနှင့်မခြား ရှိလေ၏။

"ချစ်ရယ် ..."

ခိုင့်ခေါ်သံမှာ လှိုက်မောလွန်းနေသည်။

"ဘာလဲ ခိုင်"

မျက်လုံးကို မဖွင့်။ သက်ပြင်းတစ်ချက်ကို ဖော့၍ မှုတ်ထုတ်သည်။

"ကျွန်မကို စိတ်မပျက်ဘူးလားဟင်"

ဝင်းလှိုင်က တစ်ချက်ငဲ့ကြည့်ကာ "ဟင့်အင်း"ဟု ငြင်းသည်။ အတန်ကြာမှ မေးသည်။

"ဘာလို့ စိတ်ပျက်ရမှာ လဲ ခိုင်ရယ်"

"ဩော်ကွယ် ... ဇာတ်ရှုပ်ကြီးထဲကို မောင်ရောက်လာရတယ်လေ"

"အဲဒီ ဇာတ်ရှုပ်ကြီးက ခုရှင်းသွားခဲ့ပြီးပြီ မဟုတ်လား ခိုင်"

မျက်လုံးကို ဖွင့်ကြည့်သည်။ သူ့ပခုံးမှ ပါးကိုခွာသည်။ ကုလားထိုင်

အောက်သို့ ကိုယ်ကိုလျှော၍ ဆင်းသည် ။ ဝင်းလှိုင်ဒူးပေါ်တွင် လက်နှစ်ဖက်ယှက်၍ တင်သည် ။ ယှက်ထားသော လက်နှစ်ဖက်ပေါ်တွင် မေးကို တင်ထားသည် ။ ခိုင့်အပြုအမူသည် အပြစ်ကင်းစင်သော ကလေးငယ်တစ်ဦးနှင့် တူသည် ဟု ထင်ရ ၏။

"ရှင်းတော့ ရှင်းသွားခဲ့ပါပြီ မောင်ရယ်၊ မောင်စိတ်ညစ်ခဲ့ရတာတွေ တွေးမိလို့ ပါ"

ခိုင့်ပခုံးကို သူဖွဖွညစ်ကာ ဆွဲယူလိုက်သည် ။ ခိုင်သည် အလိုက်သင့်ပါလာသည် ။ ခိုင့်ကျောကို သိုင်း၍ ဖက်လိုက်သည် ။ ခိုင့်ကိုယ်နှင့် သူ့လက်အကြားတွင် ပိတ်သားတစ်ထပ်သာ ခြားမှန်း သိလိုက် သည် ။ ထိုညသည် ချမ်းမြေ့ဖွယ်ညဟု နောက်တစ်နေ့ မိုးသောက်ယံတွင် ခိုင့်ကို သူပြောခဲ့သည် ။

***